# ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေ။*

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် မမာမကျန်းဖြစ်သူများ၏ အခြေအနေတိုးတက်ကောင်းမွန်လာစေခြင်းငှာ၊ ဂျီနီဗာမြို့၌ ရေးဆွဲသည့်၊ ၁၉၂၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ချုပ်ဆိုရာတွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သည်လည်းတစ်ကြောင်း၊

ဂျီနီဗာသဘောတူစာချုပ်အတည်ပြုရေး အက်ဥပဒေတွင်၊ ထိုသဘောတူစာချုပ်အရ သတ်မှတ်ထားသည့် တာဝန်များကို ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်လည်းတစ်ကြောင်း၊

ထိုသဘောတူစာချုပ်တွင် ကရုဏာစိတ်ထားဖြင့် မျှော်မှန်းသည့်ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်စိမ့်သောငှာ၊ နိုင်ငံအသီးသီးတွင် အမြဲတန်းအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် လိုအပ်သည်လည်းတစ်ကြောင်း၊

ထိုသဘောတူစာချုပ်၏လိုအပ်ချက်များနှင့်အညီ မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ခေါ်တွင်သည့် အသင်းတစ်ခုကို တရားလွှတ်တော်က သဘောတူသည့်စီမံကိန်းဖြင့်ဖွဲ့စည်းထားပြီးဖြစ်သည်လည်းတစ်ကြောင်း၊

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို အက်ဥပဒေဖြင့် ဖွဲ့စည်းထားရှိရန် လိုအပ်သည်လည်းတစ်ကြောင်း၊ ထိုအကြောင်းများကြောင့်၊

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "ကောင်စီ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီဗဟိုကောင်စီကို ဆိုလိုသည်။

(ခ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်၊ စာမျက်နှာ - ၁၈၅၃။

(ဂ) "စီမံကိန်း" ဆိုသည်မှာ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဖွဲ့စည်းစီမံအုပ်ချုပ်ရန်၊ ၁၉၅၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ တွင် တရားလွှတ်တော်က သဘောတူသည့် ယုံကြည်အပ်နှံမှု စီမံကိန်းကို ဆိုလိုသည်။

(ဃ) "အသင်း" ဆိုသည်မှာ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုလိုသည်။

၃။ ။ အသင်းသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ အသင်းပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ထိုအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

၄။ ။ စီမံကိန်းအရ အသင်းပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် လက်ရှိထားသည့်အခွင့်အရေး၊ ပစ္စည်းနှင့်ရန်ပုံငွေအားလုံးကို၊ အသင်းကပင် ဆက်လက်ပိုင်ဆိုင်ရမည်။ အသင်းသည်၊ မိမိ၏ အလုပ်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရမည့်ပြင်၊ ကြွေးမြီတာဝန်အားလုံးကိုလည်း ကြေကုန်အောင် ပေးဆပ်ရမည်။

["၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံသားများသည်၊ အသင်းတွင် အသင်းသားအဖြစ်ပါဝင်လိုလျှင်၊ အသင်းသားအဖြစ် ပါဝင်လိုသူများ လိုက်နာရန် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။"][၁]

ခြွင်းချက် ။ ။ သို့ရာတွင် ဤအက်ဥပဒေစတင်အာဏာတည်အုံဆဲဆဲကာလတွင် အသင်း၏ အသင်းသားဖြစ်နေသူများသည်၊ ဤပုဒ်မအရ အသင်းသားအဖြစ် ဆက်လက်တည်ရှိသည်ဟု မှတ်ယူရမည်။

၆။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတသည်၊ အသင်း၏ နာယကဖြစ်ရမည်။

["၇။ ။ (၁) အသင်း၏အခြေခံအသင်းခွဲများကို လိုအပ်သလို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(၂) အသင်း၏ နိုင်ငံလုံးဆိုင်ရာညီလာခံသည်၊ အသင်း၏ မူဝါဒချမှတ်ပေးသော အချုပ်အခြာအဖွဲ့ဖြစ်ရမည်။ ယင်းညီလာခံကို သုံးနှစ်လျှင်အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။

---

*၁။ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်သည့်ဥပဒေ(၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၊ ၅-၂-၇၁) ဖြင့် အစားထိုးပြင်ဆင်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊၁၉၇၁ခုနှစ်၊ မတ်လ (၂၀) ရက်၊ စာမျက်နှာ - ၂၈၇။)*

(၃) ပုဒ်မခွဲ (၂) အရ အသင်း၏ နိုင်ငံလုံးဆိုင်ရာ ပထမညီလာခံကို ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ပြင်သည့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှ တစ်ဆယ့်ရှစ်လအတွင်း ကျင်းပရမည်။][၂]

[(၄) ကြက်ခြေနီ ဗဟိုကောင်စီတစ်ခု ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်း ဖြစ်ရမည်။ ထိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည် —

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာညီလာခံမှ ရွေးချယ်တင်မြှောက်သည့် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်တစ်ဦးစီ၊ ပေါင်းတစ်ဆယ့်လေးဦး၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊

(ဂ) ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊

(ဃ) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊

(င) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊

(စ) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊

(ဇ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊

(ဈ) အစိုးရက အခါအားလျော်စွာခန့်ထားသည့် တစ်ဆယ်ဦးထက်မပိုသော ပုဂ္ဂိုလ်များ၊

(ည) ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဋ) တရားသူကြီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဌ) ရှေ့နေချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဍ) စာရင်းစစ်ချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဎ) မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး၊

(ဏ) လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ကျန်းမာရေးဦးစီးဌာန။][၃]

[(၅) ဗဟိုကောင်စီ၏ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦးနှင့် အကျိုးဆောင်အတွင်းရေးမှူးတစ်ဦးကိုကောင်စီလူကြီးများက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

---

၂။ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်သည့်ဥပဒေ(၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၊ ၅-၂-၇၁) ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၇၁ ခုနှစ်၊ မတ်လ (၂၀) ရက်၊ စာမျက်နှာ - ၂၈၇။)

၃။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇၊ ၁၂-၁၀-၈၈) ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်၊ စာမျက်နှာ - ၄၆၈။)

(၆) ဗဟိုကောင်စီသည် ၎င်း၏လုပ်ငန်းနှင့်စပ်လျဉ်း၍ အကျိုးပြုမည်ဟု ယူဆလျှင် ရှစ်ဦးထက် မပိုသည့် ပုဂ္ဂိုလ်များကို ကောင်စီလူကြီးများအဖြစ် ထပ်မံဖြည့်စွက်ခန့်ထားနိုင်သည်။][၄]

၈။ ။ ကောင်စီသည်၊ ဂုဏ်ထူးဆောင်လူကြီးတစ်ဦး၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသော ဂုဏ်ထူးဆောင်လူကြီးများကို နိုင်ငံတော်အကျိုးထူးချွန်စွာ သယ်ပိုးဆောင်ရွက်သူများထဲမှ ရွေးကောက်တင်မြှောက်နိုင်သည်။

၉။ ။ ပုဒ်မ ၁၆ တွင် မည်သို့ပင် ပါရှိစေကာမူ ဤအက်ဥပဒေအရ နည်းလမ်းတကျဖွဲ့စည်း သည့် ပထမကောင်စီသည်၊ အောက်ပါကိစ္စများကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ၊ သတ်မှတ်ရမည်။

(က) အသင်း၏အရေးကိစ္စများစီရင်အုပ်ချုပ်မှုအတွက်၊ ကောင်စီလူကြီးများထဲမှ အမှုဆောင် အဖွဲ့ ခန့်ထားရန်ကိစ္စ၊

---

*၄။ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်သည့်ဥပဒေ(၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၊ ၅-၂-၇၁) ပုဒ်မ ၃ ဖြင့် ပုဒ်မ ၇ ကိုအစားထိုးပြင်ဆင်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၇၁ ခုနှစ်၊ မတ်လ (၂၀) ရက်၊ စာမျက်နှာ - ၂၈၇။) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်သည့်ဥပဒေပုဒ်မ ၄ တွင် အောက်ပါအတိုင်းပြဋ္ဌာန်း ထားသည် -*

"၄။ ။ (၁) အထက်ပါ ပုဒ်မ ၃ ဖြင့် ထည့်သွင်းသည့် ပုဒ်မ ၇၊ ပုဒ်မခွဲ (၃) အရ အသင်း ၏ နိုင်ငံလုံးဆိုင်ရာ ပထမညီလာခံဖိတ်ခေါ်ကျင်းပရေး၊ ညီလာခံသို့ ကိုယ်စားလှယ်များ စေလွှတ်ရေး၊ ညီလာခံ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ညီလာခံထမြောက်ရန် တက်ရောက်ရမည့် ကိုယ်စားလှယ်ဦးရေ အပါအဝင်ဖြစ်သည့် ညီလာခံကျင့်ထုံးစသည် တို့မှာ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း ဖြစ်ရမည်။

(၂) လက်ရှိမြန်မာနိုင်ငံ ကြက်ခြေနီအသင်းနည်းဥပဒေများ၊ မြန်မာနိုင်ငံသူနာပြု တစ်ဖွဲ့ အခြေခံစည်းမျဉ်းများနှင့် ကျင့်ထုံးအားလုံးသည်၊ သက်ဆိုင်ရာက မပြင်သေးသမျှ ဤဥပဒေနှင့် မဆန့်ကျင် သရွေ့သာလျှင် ဆက်လက်အာဏာ တည်စေရမည်။

(၃) အထက်ပါအသင်း၏ နိုင်ငံလုံးဆိုင်ရာ ပထမညီလာခံကျင်းပပြီးနောက်၊ လက်ရှိ ကြက်ခြေနီ ဗဟိုကောင်စီ၊ အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံသူနာပြုတစ်ဖွဲ့၊ ထိုသူနာပြု တစ်ဖွဲ့အုပ်ချုပ်ရေး အဖွဲ့၊ အဖွဲ့ခွဲများ၊ အသင်းခွဲများ စသည်တို့ကို ပြန်လည်မဖွဲ့စည်း သေးမီ၊ ၎င်းတို့သည် ဆက်လက်တည်ရှိ၍ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည့်ပြင်၊ လက်ရှိ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ တာဝန်ဝတ္တရားများ ကို ဆက်လက်ဆောင်ရွက်ရမည်။"

(ခ) မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ကို အသင်း၏တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းရန်နှင့် ကြီး ကြပ်အုပ်ချုပ်ရန်ကိစ္စ၊ ထိုသူနာပြုတပ်ဖွဲ့သည် စီမံကိန်းအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့၏ အခွင့်အရေး၊ ပစ္စည်း၊ ရန်ပုံငွေနှင့် ကြွေးမြီ တာဝန် အားလုံးကို ချက်ချင်းဆက်ခံ၍၊ ၎င်း၏ အလုပ်ဝတ္တရားအားလုံးကို ချက်ချင်း ဆောင်ရွက်ရန် ကိစ္စ၊

(ဂ) အသင်းတွင်ပါဝင်သည့် အသင်းသားများအတွက် လိုအပ်သောအရည်အချင်းနှင့် စည်းကမ်းချက်များသတ်မှတ်ရန်ကိစ္စ၊

(ဃ) အသင်း၏အရေးကိစ္စများနှင့် လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် အဖွဲ့ခွဲများ ဖွဲ့စည်းရေးကိစ္စ၊

(င) အသင်းအတွက်လိုအပ်သော အမြဲတမ်းရာထမ်းမှုထမ်းများကို ခန့်ထားရေးနှင့် ထိုရာထမ်း မှုထမ်းများ၏ လစာနှင့် အခြားအမှုထမ်းစည်းကမ်းများ သတ်မှတ်ရန် ကိစ္စ၊

(စ) အသင်း၏ကိုယ်စား ပဋိညာဉ်များ လက်မှတ်ရေးထိုးရန်ကိစ္စ၊

(ဆ) ယေဘုယျအားဖြင့် အသင်း၏လုပ်ငန်းစဉ်၊ ကောင်စီ၏ လုပ်ငန်းစဉ်နှင့် အဖွဲ့ အမျိုးမျိုးတို့၏ လုပ်ငန်းစဉ်သတ်မှတ်ရန်ကိစ္စ၊

(ဇ) ပုဒ်မ ၁၅ တွင် ရည်ညွှန်းသည့် အစည်းအရုံး၊ သို့တည်းမဟုတ် အဖွဲ့အစည်းများ ဆက်သွယ်ရေးနှင့် ရန်ပုံငွေများ သတ်မှတ်ခွဲဝေလျာထားရေးကိစ္စ၊ ထို့ပြင်

(ဈ) ကောင်စီက သင့်သည်ထင်မြင်သည့် အခြားကိစ္စများ။

၁၀။ ။ ကောင်စီ၏ အာဏာများတွင် အောက်ပါအာဏာများ ပါဝင်ရမည်။

(က) အသင်း၏ ရည်ရွယ်ချက်များ အထမြောက်အောင် ဆောင်ရွက်ရန် လိုအပ်သည့် ငွေများကို ဘဏ်တစ်ခု၊ သို့တည်းမဟုတ် ဘဏ်များမှ ချေးယူရန်အာဏာ၊

(ခ) အလိုရှိသည့် ချေးငွေများရနိုင်စေရန်လည်းကောင်း၊ အဆိုပါချေးငွေများပေါ်တွင် ပေးရမည့် ကျသင့်သော အတိုးကို ပေးရန်လည်းကောင်း၊ လိုအပ်သည့် ဆုံးဖြတ် ချက်များချမှတ်ရန် အာဏာ၊

(ဂ) အဆိုပါချေးငွေများကို သတ်မှတ်ထားသည့် ကိစ္စများအတွက် ဧကန်အမှန် အသုံး ပြုစေရန်အလို့ငှာ ထားရှိရမည့် သီးခြားငွေစာရင်းတစ်ရပ်ဖွင့်ရန် အာဏာ၊

(ဃ) အသင်းက ဝယ်ယူရင်းနှီးထားသော ယုံကြည်အပ်နှံမှု အက်ဥပဒေပုဒ်မ ၂၀ တွင် ဖော်ပြသည့် ငွေချေးသက်သေခံလက်မှတ်များကို ရွေးနုတ်၍သော် လည်းကောင်း၊ ရောင်းချ၍သော်လည်းကောင်း၊ ငွေဖြစ်အောင်ပြုလုပ်ခြင်း

အားဖြင့်၊ သို့တည်းမဟုတ် ရောင်းချရငွေများကို၊ အဆိုပါသက်သေခံလက်မှတ်များ ဝယ်ယူပြန်လည်ရင်းနှီးခြင်းအား ဖြင့်၊ အသင်း၏ ရင်းနှီးငွေများကို ပြောင်းလဲရန် အာဏာ။

၁၁။ ။ ကောင်စီသည်၊ အသင်း၏အရပ်ရပ်ကိစ္စများအတွက်ဖြစ်စေ၊ အသင်းပိုင်ဖြစ်သော ပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းမှဝင်ငွေကို အသုံးပြုနိုင်သော သီးခြားကိစ္စတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ ပေးကမ်းလှူဒါန်းသော မည်သည့်ပစ္စည်းမျိုးကိုမဆို လက်ခံ၍ လက်ရှိထားနိုင်သည့်ပြင်၊ ထိုသို့ ပေးကမ်းလှူဒါန်းသည့် ပစ္စည်းများကို ရရှိသည့်အခါ၊ နည်းဥပဒေများအရ၊ အဆိုပါ ကိစ္စများအတွက် တိုက်ရိုက်ဖြစ်စေ၊ အဖွဲ့ခွဲများမှ တစ်ဆင့်ဖြစ်စေ၊ ဆက်သွယ်ထားသည့်အစည်းအရုံး၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှ တစ်ဆင့်ဖြစ်စေ အသုံးပြုနိုင်သည်။

၁၂။ ။ အသင်းသည်၊ နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့နောက်၊ နိုဝင်ဘာ ၁၅ ရက်နေ့ ထက် နောက်မကျစေဘဲ၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ ဆောင်ရွက်ခဲ့သည့်မှုခင်းကိစ္စနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို [ကျန်းမာရေးဌာန တာဝန်ခံထံသို့][၅] ရေးသားပေးပို့ရမည်။ ထိုအစီရင်ခံစာတွင် သတ်မှတ်ထားသည့်အတိုင်း နည်းလမ်းတကျ စာရင်းစစ်ဆေး ပြီးသော မည်သည့်ရငွေမျိုးကိုမဆို ငွေစာရင်းခေါင်းစဉ်အလိုက် အပြည့်အစုံ ခွဲခြားဖော်ပြသည့် အစီရင်ခံစာလည်း ပါရှိစေရမည်။

၁၃။ ။ ပထမကောင်စီကို၊ ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှ သုံးလအတွင်း ဖွဲ့စည်းရမည်။ ကောင်စီကို ထိုသို့မဖွဲ့စည်းမီ၊ အသင်း၏ စီမံအုပ်ချုပ်ရေးအဖွဲ့သည်၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(၁)၊ အပိုဒ် (က)၊ (ခ) (စ) နှင့် (ဆ) တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်များထပ်ဖြည့်လျက်၊ ကောင်စီ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။ စီမံကိန်းနှင့် ထိုစီမံကိန်းအရ ပြုသည့်နည်းဥပဒေ၊ စည်းကမ်း ဥပဒေများကိုလည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနှင့် အဆိုပါ စည်းမျဉ်းအရ ပြုသည့် နည်းဥပဒေ၊ စည်းကမ်းဥပဒေများကိုလည်းကောင်း၊ ဤဥပဒေနှင့် ဆန့်ကျင် ကွဲလွဲခြင်းမရှိသမျှ၊ အကူး အပြောင်းကာလ အပိုင်းအခြားအတွင်း လိုက်နာ၍ ဆောင်ရွက်ရမည်။

၁၄။ ။ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကောင်စီကသော်လည်းကောင်း၊ အဖွဲ့ သို့တည်းမဟုတ် အဖွဲ့ခွဲတစ်ခုခုကသော်လည်းကောင်း၊ ဆောင်ရွက်သောမည်သည့်ကိစ္စ၊ သို့တည်းမဟုတ်

---

*၅။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကိုပြင်သည့်ဥပဒေ(၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၆၊ ၉-၁၀-၆၄) ဖြင့် အစားထိုးပြင်ဆင်သည်။*

မှုခင်းမဆို၊ ကောင်စီ လူကြီးများထဲတွင်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးများထဲတွင်ဖြစ်စေ၊ အဖွဲ့ခွဲဆိုင်ရာ လူကြီးများထဲတွင်ဖြစ်စေ၊ နေရာလစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်း၊ သို့တည်း မဟုတ် ရာထူးခန့်ထားခြင်းကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပျက်ကွက်မှု ချွတ်ယွင်းမှု၊ သို့တည်းမဟုတ် စည်းကမ်းမကျမှု တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း၊ ပျက်ပြယ်ခြင်းမရှိစေရ။

၁၅။ ။ ကောင်စီသည်၊ ဤအက်ဥပဒေ၏ဇယားတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်ကိစ္စအားလုံး၊ သို့တည်းမဟုတ် တစ်ခုခုရှိသောအခြားအစည်းအရုံး၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခုကို အသင်းနှင့်ဆက်သွယ်နိုင်သည့်ပြင်၊ အဆိုပါရည်ရွယ်ချက်ကိစ္စအားလုံး၊ သို့တည်းမဟုတ် တစ်ခုခုအတွက် ရန်ပုံငွေများကိုလည်း အဆိုပါအစည်းအရုံး၊ သို့တည်းမဟုတ် အဖွဲ့အစည်းမှတစ်ဆင့် သတ်မှတ်ခွဲဝေရန်လျာထားနိုင်သည်။

၁၆။ ။ ကောင်စီသည်၊ ဤအက်ဥပဒေပါကိစ္စများ အထမြောက်အောင်မြင်စေရန်၊ နိုင်ငံတော် သမ္မတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော နည်းဥပဒေများကို ပြုနိုင်သည်။

ဇယား။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များတွင် မမာမကျန်းဖြစ်သူများနှင့် ဒဏ်ရာရသူများအား၊ အမှုထမ်းရွက်ဆဲစာရင်းတွင်ပါသည်ဖြစ်စေ၊ ဖျက်သိမ်းရာတွင်ပါသည်ဖြစ်စေ၊ ပြုစုစောင့်ရှောက်ခြင်း။

၂။ ကလေးသူငယ်စောင့်ရှောက်ရေး။

၃။ အဝတ်အစားစသည်များ လိုသောဆေးရုံများနှင့် ကျန်းမာရေးအဖွဲ့အစည်းများအား လိုအပ်သော အဝတ်အစားစသည်များကို ထောက်ပံ့ပေးကမ်းရေးအတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တည်ရှိပြီးဖြစ်သည့်၊ သို့တည်းမဟုတ် တည်ရှိမည်ဖြစ်သည့်၊ အသင်းက အသိအမှတ်ပြုထားသော အဖွဲ့အစည်းတစ်ခုခု၏ အထောက်အပံ့ခံသူနာပြုလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို၊ အဘက်ဘက်တွင် အကူအညီပေးခြင်း။

၅။ ပြည်တွင်းဝန်ထမ်းသူနာပြုလုပ်ငန်း။

၆။ အရပ်သားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များစပ်ကြားတွင် အဆက်အသွယ်အဖြစ်ဖြင့် ဆောင်ရွက်လျက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များနှင့် သဘောတူစေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း။

၇။ ရောဂါအန္တရာယ်ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ မီးဘေး၊ ရေဘေးနှင့် တစ်နိုင်ငံလုံး တွေ့ကြုံရသော အခြားဘေးအန္တရာယ်များကြောင့် ဖြစ်ပွားသည့်ဆင်းရဲ ဒုက္ခမှ သက်သာစေရန်၊ ငြိမ်းချမ်း စဉ်အခါတွင် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ အဆိုပါ ဘေးအန္တရာယ်များမှ ကာကွယ်ရန် စီမံချက်များ တီထွင်ဆောင်ရွက်သည့်လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ခြင်း။

၈။ အသင်း၏ ရည်ရွယ်ချက်များနှင့် အလားတူရည်ရွယ်ချက်များကို အားပေးရန် ဖွဲ့စည်း ထားသည့် အပြည်ပြည်ဆိုင်ရာကော်မတီနှင့် အခြားကော်မတီများတွင် အသင်း၏ကိုယ်စားလှယ်ပါဝင် ဆောင်ရွက်ခြင်း။

၉။ အသင်းက အခါအားလျော်စွာ သဘောတူသည့် အခြားအလားတူ ရည်ရွယ်ချက်များ။,

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်။)

အမိန့်အရ၊

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။